မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
December 9 , 2025 Volume 97 , Number 7

၉-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၅.၄၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၆၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၁.၇၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၇၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၉.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၉၂ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မတ်ပဲပြည်ပရောင်းဈေး အတက်ဘက်ကိုပြောင်းလဲနေသော်လည်း ပြည်တွင်းဈေး ကျဆင်း




အိန္ဒိယ၏ ဝယ်လိုအားမျှော်လင့်ချက်ဖြင့် ယခုရက်သတ္တပတ် ပထမဆုံးရက်တွင် ပြည်တွင်းဈေး မြင့်တက်ခဲ့သည့် မတ်ပဲက နောက်ရက်များတွင် အနည်းငယ်ပြန်ကျလာသည်။ သို့သော် ပြည်ပရောင်းချသည့် FOB ဈေးက ပြီးခဲ့သည့် ရက်သတ္တပတ်ထက် ထပ်မံမြင့်တက်သွားသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံသည်ပြည်တွင်းလိုအပ်ချက်နည်းခြင်းကြောင့် ပြည်ပမှ မတ်ပဲဝယ်ယူတင်သွင်းမှုလျော့နည်းနေသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ မိုးရာသီ စိုက်ပျိုးသည့် မတ်ပဲများကို အခြေခံဈေးသတ်မှတ်ပြီး လေလံစနစ်ဖြင့် အိန္ဒိယအစိုးရက ဝယ်ယူနေသည်။ ထို့ကြောင့် မြန်မာနှင့်ဘရာဇီးမှ မတ်ပဲဝယ်လိုအား ပုံမှန်အခြေအနေတွင် ရှိနေသည်ဟု အိန္ဒိယမီဒီယာအချို့ကလည်း သုံးသပ်မှုများရှိခဲ့သည်။

သို့သော် မြန်မာနိုင်ငံတွင် မတ်ပဲက ပြည်တွင်းလက်ကျန်လျော့နည်းလာပြီး မတ်ပဲအသစ်ထွက်ရှိရန်လည်း အချိန် ၃ လ ဝန်းကျင်ခန့်လိုနေသေးသည်။ ထို့ကြောင့် ကာလတိုအတွင်း မြန်မာမတ်ပဲ ပြည်ပရောင်းဈေးက အတက်ကိုပြောင်းလဲလာသည်။

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် မတ်ပဲ ပြည်ပရောင်းဈေး(FOB)က တစ်တန်လျှင် အနည်းဆုံးအမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာ ဈေးမြင့်သွားသည်။ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ FAQ ၏ (FOB )တစ်တန်ဈေးက ဒေါ်လာ ၆၉၀ – ၇၀၀ မှ ၇၁၅ – ၇၂၅သို့ပြောင်းလဲပြီး မတ်ပဲ SQက တစ်တန်လျှင် ဒေါ်လာ ၇၆၅ – ၇၇၅ မှ ၇၉၅ – ၈၀၅ သို့ဈေးပြောင်းလဲသည်။

ထိုသို့ပြည်ပဈေး အတက်ဘက်ကို ပြောင်းလဲနေသော်လည်း ပြည်တွင်းဈေးက ယခုရက်သတ္တပတ်တွင် မတ်ပဲ FAQ အမျိုးအစား တစ်တန်လျှင် ကျပ် ၂,၇၂၅,၀၀၀မှ ၂,၇၁၀,၀၀၀သို့ကျဆင်းသွားသည်။ မတ်ပဲ SQ ကလည်း တစ်တန် ကျပ် ၃,၀၃၅,၀၀၀မှ ၃,၀၂၀,၀၀၀သို့ ဈေးကျဆင်းသည်။

**Source: AMIA**

## မြန်မာ့စီးပွားရေး နာလန်ပြန်ထူလာဟု ကမ္ဘာ့ဘဏ်ပြော

လျောင်နဲ့ပဋိပက္ခသက်ရောက်မှုတွေအကြား မြန်မာနိုင်ငံရဲ့ စီးပွားရေးက အသင့်အတင့် နာလံထူမှုလက္ခဏာတွေကို တွေ့ရကြောင်း ကမ္ဘာ့ဘဏ်က ဒီကနေ့ ဒီဇင်ဘာလ ၈ ရက်မှာ ထုတ်ပြန်ပါတယ်။

၂၀၂၅ ခုနှစ် အောက်တိုဘာလမှာ စီးပွားရေးလုပ်ငန်းတွေရဲ့ ကုန်ထုတ်လုပ်လည်ပတ်မှုစွမ်းအားမှာ ဧပြီနဲ့နိုင်ဝင်ယှဉ်ပါက မြင့်မားလာခဲ့ပြီး ပြီးခဲ့တဲ့နှစ်မှာ သိသိသာသာထိုးကျခဲ့တဲ့ မြန်မာကျပ်ငွေတန်ဖိုးမှာ ၂၀၂၅ တစ်နှစ်တာ ကာလတစ်လျှောက် ဖြည်းဖြည်းမှန်မှန်နဲ့ ပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။

ပြည်တွင်းဝယ်လိုအားလျော့နည်းမှု၊ အလုပ်သမားရှားပါးမှုနဲ့ လျှပ်စစ်ဓာတ်အား မကြာခဏပြတ်တောက်ခြင်းကြောင့် စီးပွားရေးမျှော်မှန်းချက်အလားအလာမှာ အခက်အခဲအတားအဆီးတွေရှိနေဆဲလို့ ဆိုပါတယ်။

"မြန်မာနိုင်ငံမှာ စီးပွားရေးပြန်လည်နာလန်ထူလာတဲ့ ကနဦးလက္ခဏာတွေကို တွေ့ရတာဟာ အားတက်စရာဆိုပေမဲ့ လျောင်ဒဏ်ပြန်လည်ထူထောင်ရေးအတွက် ဘဏ္ဍာရေးနဲ့ငွေကြေးလိုအပ်ချက်တွေ၊ ပြည်တွင်းပဋိပက္ခနဲ့ လုံခြုံရေး အခြေအနေတွေ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေအပါအဝင် အတားအဆီးများစွာနဲ့ ဆက်လက်ရင်ဆိုင်နေရပါတယ်"လို့ ထိုင်းနဲ့မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ရဲ့ ဒေသဆိုင်ရာ ဒါရိုက်တာ မယ်လင်ဒါဂွတ်ဒ်က ပြောပါတယ်။

အရင်က ၂၀၂၆ ခုနှစ် မတ်လမှာကုန်ဆုံးမဲ့ ဘဏ္ဍာနှစ်အတွက် GDP ကို အနုတ် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားရာကနေ ယခုအခါ GDP ၂ ရာခိုင်နှုန်းကျုံ့နေမယ်လို့ ခန့်မှန်းထားတာကြောင့် အစစ်အမှန်ခန့်မှန်းချက် ပြန်လည် မြင့်တက်လာပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ နောက်ဆုံးထုတ်ပြန်လိုက်တဲ့ မြန်မာ့စီးပွားရေးလေ့လာသုံးသပ်ချက် အစီရင်ခံစာမှာ ငွေကြေးဖောင်းပွမှုမှာ လျော့ကျလာပေမဲ့ အလုံးစုံသောကုန်ဈေးနှုန်းတွေမှာ မြင့်တက်နေဆဲဖြစ်လို့ အိမ်ထောင်စုတွေအနေနဲ့ ဝင်ငွေ၊ ထွက်ငွေနဲ့ ငွေကြေးသုံးစွဲမှုကိစ္စအတွက် ခက်ခက်ခဲခဲဖြေရှင်းနေရဆဲဖြစ်တဲ့အကြောင်း ဖော်ပြပါတယ်။

ငွေကြေးဖောင်းပွမှုအနေနဲ့ မဝေးတဲ့ကာလတစ်ခုအတွင်း ၂၀ ရာခိုင်နှုန်းအထက်မှာ ဆက်လက်ရှိနေမှာဖြစ်ပြီး နေထိုင်မှု စရိတ်စကတွေအပေါ် ဖိအားတွေလည်းရှိနေမယ်လို့ ဆိုပါတယ်။

ပြန်လည်တည်ဆောက်မှုနဲ့ပတ်သက်တဲ့ သုံးစွဲမှုတွေမြင့်တက်လာတာကြောင့် ဘဏ္ဍာရေးစိန်ခေါ်မှုတွေ ဆက်လက်ရှိနေမှာ ဖြစ်ပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း လိုငွေပြမှုက GDP ရဲ့ ၅ ရာခိုင်နှုန်းအထိရှိနေမယ်လို့ ကမ္ဘာ့ဘဏ်က မျှော်မှန်းထား ပါတယ်။

ပြည်သူ့ကြွေးမြီမှာ GDP ရဲ့ ၆၀ ရာခိုင်နှုန်းအထက်မှာရှိနေမှာဖြစ်ပြီး ပြည်တွင်းငွေချေးမှုတွေလည်း မြင့်တက်နေမှာ ဖြစ်တယ်လို့ သိရပါတယ်။

**Source: BETV Business**

## ကြက်သွန်နီဈေးနှုန်းများ အနည်းငယ်ကျဆင်း

ပခုက္ကူမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးရာဒေသများမှထွက်ရှိသော ကြက်သွန်နီများကို ပခုက္ကူကုန်စည်ဒိုင်သို့ လာရောက်ရောင်းချ၍ ကြက်သွန်နီများအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးအနည်းငယ်ကျဆင်းလာပါသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ပထမအပတ်အတွင်း ဈေးနှုန်းများမှာ ကြက်သွန်နီထိပ်စတစ်ပိဿာလျှင် ၁၂၅၀ ကျပ်၊ အလတ်တစ်ပိဿာလျှင် ၉၅၀ ကျပ်နှင့် အသေးတစ်ပိဿာလျှင် ၃၀၀ ကျပ် ဈေးတို့ဖြင့် တစ်ပတ်လျှင်ကုန်ချိန် ပိဿာ ၂၀,၀၀၀ မှ ၄၃,၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်အတွင်း ဈေးနှုန်းများမှာ ကြက်သွန်နီထိပ်စတစ်ပိဿာလျှင် ၁၁၀၀ ကျပ်၊ အလတ်တစ်ပိဿာလျှင် ၉၀၀ ကျပ်နှင့် အသေးတစ်ပိဿာလျှင် ၃၀၀ ကျပ် ဈေးတို့ဖြင့် တစ်ပတ်လျှင်ကုန်ချိန် ပိဿာ ၂၇,၀၀၀ မှ ၅၇,၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ပထမအပတ်နှင့် ဒီဇင်ဘာလ ပထမအပတ်တို့ ဈေးနှုန်းများနှိုင်းယှဉ်ရာတွင် ကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ၁၅၀ ကျပ်နှင့် အလတ်တစ်ပိဿာလျှင် ၅၀ ကျပ်အထိ ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း ပခုက္ကူကုန်စည်ဒိုင် ဈေးကွက်သတင်းအရ သိရှိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_812202514:26

## နိုဝင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ သိန်းကျော်တင်ပို့ထား


ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ သိန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ဆန်ကွဲတန်ချိန် ၁၄၆,၁၅၁ တန်နှင့် ဆန်တန်ချိန် ၁၁၇,၆၆၄ တန် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၇၆ သန်းရရှိထားကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှနိုဝင်ဘာလအထိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁,၇၈၇,၁၄၃ တင်ပို့ထားပြီး ယင်းမှပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့ခြင်းဖြစ်ကာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အများဆုံးတင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် တန်ချိန် ၁၄၂,၇၈၈ တန်၊ မေလတွင် တန်ချိန် ၂၅၉,၅၀၁ တန်၊ ဇွန်လတွင် တန်ချိန် ၂၁၂,၄၁၆ တန်၊ ဇူလိုင်လတွင် ၂၃၀,၆၇၂ တန်၊ ဩဂုတ်လတွင် ၁၉၂,၉၈၅ တန်၊ စက်တင်ဘာလတွင် ၁၆၈,၀၄၆ တန်၊ အောက်တိုဘာလတွင် ၃၁၆,၉၂၀ တန်နှင့် နိုဝင်ဘာလတွင် ၂၆၃,၈၁၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။







**Source: Popular News Journal**

## ဖရဲဈေးကောင်းရသော်လည်း အထွက်နှုန်းကျ



မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရေပေါ်ကျွန်းကျေးရွာမှာ အဓိက စိုက်ပျိုးတဲ့ ဖရဲသီးနှံတွေဟာ အခုနှစ်မှာ ဈေးကောင်းရပေမဲ့ အထွက်နှုန်း ကျနေတယ်လို့ ဖရဲစိုက်တောင်သူတွေဆီက သိရပါတယ်။

ဖရဲမျိုးစေ့ဈေးကလည်း အရင်နှစ်တွေထက် ဈေးမြင့်တက်လာကာ စိုက်ပျိုးစရိတ်ကြီးမြင့်တာနဲ့ အထွက်နှုန်းကျတာတွေကြောင့် ဖရဲစိုက် တောင်သူတွေ အရှုံးပေါ်တယ်လို့ပြောပါတယ်။ အခုနှစ် ဖရဲဈေးက အကြီး အသေးအလတ်ပေါ်မူတည်ကာ တစ်လုံးကို ကျပ် ၂၀၀၀ ကျော် ၃၀၀၀ ကနေ ကျပ် ၅၀၀၀ ကျော် ၇၀၀၀ လောက်အထိ ဈေးရှိနေပြီး အရင်နှစ်တွေက အမြင့်ဆုံးဈေးက တစ်လုံးကို ကျပ် ၅၀၀၀ သာ ရှိခဲ့တယ်လို့ သိရပါတယ်။

ဖရဲမျိုးစေ့တစ်ဘူးကို ကျပ် ၅၅,၀၀၀ ဈေးရှိကာ ဖရဲအထွက်နှုန်းက အရင်နှစ်တွေထက် ထက်ဝက်နီးပါး လျော့နည်း သွားတယ်လို့ တောင်သူတွေကပြောပါတယ်။ အရင်နှစ်တွေက ဖရဲစိုက်ခင်းတွေအထိ ဖရဲကုန်သည်တွေ လာရောက်ဝယ်ယူခဲ့ပေမဲ့ အခုနှစ် ဝယ်လက် မရှိတဲ့အတွက် အောင်လံ-ပြည် ကားလမ်းမမှာထွက်ပြီး ကိုယ်တိုင်ရောင်းချနေကြရတယ်လို့ တောင်သူတွေ ဆီက သိရပါတယ်။

**Source:** https://onenewstvchannel.com/business/market/

## ရုရှားနှင့်ထိုင်းနိုင်ငံတို့ ဒစ်ဂျစ်တယ်ယွမ်ပလက်ဖောင်းကိုအသုံးပြု၍ ငွေပေးချေမှုဆိုင်ရာများဆောင်ရွက်နေ

ရုရှားနှင့်ထိုင်းနိုင်ငံတို့သည် ဒစ်ဂျစ်တယ်ယွမ်ကိုအသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ငွေပေးချေမှုဆိုင်ရာများကို ဖြေရှင်းနေကြောင်း၊ Chinese Renminbi Digital ပလက်ဖောင်းသည် ထိုင်းနိုင်ငံတွင် လုပ်ငန်း လည်ပတ်နေပြီး တိုက်ရိုက်ချိတ်ဆက်ရန် ခက်ခဲသော်လည်း အေးဂျင့်များမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးဆိုင်ရာ ရုရှားသမ္မတ၏ အထူးကိုယ်စားလှယ် Mr.Boris Titov က ရုရှား-ထိုင်းရင်းနှီး မြှုပ်နှံမှုဖိုရမ်တွင် ပြောကြားခဲ့သည်။

ရုရှား-ထိုင်း စီးပွားရေးဆက်ဆံမှုတိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်သည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းတိုးတက်လာမည်ဖြစ်ပြီး ရုရှားမှထိုင်းသို့ ပို့ကုန် ၅၀ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ရုရှားရင်းနှီးမြှုပ်နှံသူများသည် ထိုင်းစီးပွားရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၆-၇ ဘီလီယံခန့်အထိ ရင်းနှီးမြှုပ်နှံထားကြောင်း၊ ထိုင်းနိုင်ငံတွင် ရုရှားရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုအခြေအနေ များသည် ကန့်သတ်ချက်များရှိနေဆဲဖြစ်ပြီး အဆိုပါကန့်သတ်ချက်များရုပ်သိမ်းလျှင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဆင်းလာနိုင် ကြောင်း ၎င်းကပြောကြားခဲ့သည်။

လက်ရှိအခြေအနေအရ စိုက်ပျိုးရေးကဏ္ဍတွင် ကန့်သတ်ချက်အများဆုံး အစီအမံများရှိနေဆဲဖြစ်ပြီး ထိုင်းဈေးကွက်သို့ ရုရှားအသားထုတ်ကုန်များတင်ပို့ခြင်းနှင့် ရုရှားဈေးကွက်သို့ ထိုင်းရေထွက်ကုန်ပစ္စည်းတင်ပို့ခြင်းတို့ကို ထိခိုက်စေကြောင်း၊ ယင်းထုတ်ကုန်များကို လွတ်လပ်စွာစီးမံပေးလျှင် သိသာထင်ရှားသည့် တိုးတက်မှုကို မြင်ရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက် ပြုသည်။

ယင်းအပြင် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ရုရှားလူမျိုးများသည် ဗီယက်နမ်အပါအဝင် အခြားအရှေ့တောင်အာရှနိုင်ငံများ ကိုလည်း လေ့လာနေကြပြီး ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ရုရှားခရီးသွားဝင်ရောက်မှုသည် လူဦးရေ ၂ သန်းခန့်အထိ

စံချိန်တင်မြင့်မားရန် မျှော်လင့်ရကြောင်း၊ ရုရှားကုမ္ပဏီများသည် ထိုင်းဟိုတယ်နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်နိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရုရှားနှင့်ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုပမာဏတွင် စက်မှုထုတ်ကုန်များ၏ဝေစုသည် ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ စက်မှုအင်ဂျင်နီယာထုတ်ကုန်များ၊ ကုန်းတွင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ ရေယာဉ်များ၊ ဓာတ်အားပေးစက်များ၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ IT ဖြေရှင်းချက်များနှင့် သတင်းအချက်အလက်လုံခြုံရေးထုတ်ကုန်များသည် ထိုင်းနိုင်ငံသို့ တိုးတက်တင်ပို့နိုင်သည့် အလားအလာရှိသည်။

ရုရှားနိုင်ငံသည် ထိုင်းနိုင်ငံသို့ ရေနံနှင့်ရေနံထွက်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ သံနှင့်သံမဏိ၊ အလူမီနီယံ၊ ဂျုံ၊ ကျောက်မျက်ရတနာ၊ နို့နှင့်နို့ထွက်ပစ္စည်း၊ သတ္တုနှင့်ဆောက်လုပ်ရေးပစ္စည်းများကို အဓိကတင်ပို့ပြီး ထိုင်းနိုင်ငံမှ စက်ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တာယာ၊ စည်သွတ်သစ်သီးများ၊ စည်သွတ်ပင်လယ်စာ၊ ရော်ဘာ၊ ဆန်၊ ဟင်းခတ်အမွှေးအကြိုင်များစသည်တို့ကို အဓိကတင်သွင်းကြောင်း သိရသည်။

**Source :** https://tass.ru/ekonomika/25734715

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/article/STP(Ygn)_08122025_11:56

## ထိုင်းနိုင်ငံ၏ ပုစွန်တင်ပို့မှုသည် ၂၀၂၆ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း Thai Shrimp Association က သုံးသပ်ပြောကြားခဲ့

ယှဉ်ပြိုင်ဖက်နိုင်ငံများအတွက် အားနည်းစေနိုင်သော အမေရိကန်အခွန်ကြောင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပုစွန်ပို့ကုန်သည် တန်ချိန် ၄၀၀,၀၀၀ ထိရောက်ရှိနိုင်ပြီး ပြန်လည်ကောင်းမွန်လာနိုင်သည်ဟု Thai Shrimp Association က သုံးသပ်ထားကြောင်း ဗန်ကောက်ပို့စ်သတင်း စာတွင် “Shrimp exports forecast to claw back next year” ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

အမေရိကန်သည် ထိုင်းပုစွန်အပေါ် အခွန် ၁၉ ရာခိုင်နှုန်းကောက်ခံခဲ့ပြီး အဓိကပြိုင်ဘက်များဖြစ်သည့် ဗီယက်နမ်ပုစွန်အပေါ် ၂၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားပုစွန်အပေါ် ၁၉ ရာခိုင်နှုန်းကောက်ခံခဲ့ရာ အမေရိကန်ဈေးကွက်အတွင်း ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကို ထိန်းထားနိုင်ကြောင်း၊ အမေရိကန်ဈေးကွက်တွင် ၃၀ ရာခိုင်နှုန်း တန်ချိန် ၃၀၀,၀၀၀ ထိရရှိထားသည့် အိန္ဒိယနိုင်ငံသည် anti-dumping နှင့် countervailing အခွန်တွေ့ကြုံနေလျက်ရှိရာ စုစုပေါင်းတွင် ပျမ်းမျှ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း၊ ယင်းကြောင့် အိန္ဒိယ၏ယှဉ်ပြိုင်နိုင်မှုကို လျော့နည်းခန့်မှန်းနိုင်ရာ ထိုင်းနိုင်ငံအနေဖြင့် ပုစွန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ပါက ကွာခြားချက်ကို ဖြည့်နိုင်မည့် အခွင့်အလမ်းရှိပါကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် ၁ နှစ်လျှင် ပုစွန်တန်ချိန် ၂၇၀,၀၀၀ ထုတ်လုပ်လျက်ရှိပါကြောင်း အသင်းဥက္ကဋ္ဌ Mr. Ekapoj Yodpinit က ပြောကြားခဲ့သည်။

ထိုင်း-ဥရောပသမဂ္ဂ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ညှိနှိုင်းမှုသည် အပြီးသတ်သို့ ရောက်ရှိခဲ့ပါက ယင်းဈေးကွက်သို့ ပုစွန်တန်ချိန် ၆၀,၀၀၀ တင်ပို့နိုင်သည့် အခွင့်အလမ်းရှိပါကြောင်း၊ ယင်းအခွင့်အရေးသည် GSP ခံစားခွင့် သက်တမ်းကုန်ဆုံးခဲ့သဖြင့် ဆုံးရှုံးသွားခဲ့သော တန်ချိန် ၃၀၀ အတွက် ပြန်လည်ရရှိခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာသော်လည်း ထိုင်းနိုင်ငံ၏ ပုစွန်ထုတ်လုပ်မှုသည် တန်ချိန် ၆၄၀,၀၀၀ မှ ၁၃ နှစ်တာကာလအတွင်း တန်ချိန် ၂၇၀,၀၀၀ သို့ သိသိသာသာကျဆင်းခဲ့ရခြင်းမှာ ရောဂါပိုးမွှားကြီးမားစွာ ပျံ့နှံ့ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပုစွန်ကဏ္ဍကို ပြန်လည်ထိန်းသိမ်းရန် အစိုးရအနေဖြင့် ဘတ် ၅ ဒသမ ၄ ဘီလီယံ လျာထားဆောင်ရွက်စေလိုကြောင်း၊ လာမည့် ရွေးကောက်ပွဲပြီးနောက် ဖွဲ့စည်းမည့်အစိုးရထံ ပုစွန်ကဏ္ဍကို နိုင်ငံအဆင့်ဆောင်ရွက်မည့် အစီအစဉ်အတွင်းထည့်သွင်းရန် အမှာစာပေးပို့

သွားမည်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားခဲ့သည်။

လျာထားရန်ပုံငွေသည် ရောဂါထိန်းချုပ်ရန် သုတေသနအတွက် အထောက်အကူပြုရန်၊ မွေးမြူရေးသားပေါက်များ ဖွံ့ဖြိုးတိုးတက်ရန်၊ အစာကုန်ကျစရိတ်လျှော့ချရန်နှင့် မွေးမြူရေးခြံ စွမ်းဆောင်ရည်မြှင့်တင်ရန်ဖြစ်ကြောင်း၊ ရည်မှန်းချက်မှာ ထုတ်လုပ်မှုကို တန်ချိန် ၄၀၀,၀၀၀ သို့ ပြန်လည်မြှင့်တင်ရန်နှင့် ပို့ကုန်တန်ဖိုးကို ၂၀၁၁ ခုနှစ်တွင် မှတ်တမ်းဝင်ခဲ့သည့်အတိုင်း ဘတ် ၁၀၀ ဘီလီယံရရှိရန်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ထိုင်းပုစွန်ထုတ်လုပ်မှုသည် ယခင်နှစ်ကိန်းဂဏန်းအတိုင်း တန်ချိန် ၂၇၀,၀၀၀ ဖြစ်ကြောင်း၊ ပထမ ၁၀ လအတွင်း ပုစွန်တင်ပို့မှုသည် တန်ချိန် ၁၁၂,၀၀၀ ဖြစ်ရာ ပမာဏနှင့်တန်ဖိုးတွင် ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံးတွင် စုစုပေါင်းတင်ပို့မှုကို တန်ချိန် ၁၂၆,၀၀၀ သို့ရောက်ရှိရန်မှန်းထားပြီး တန်ဖိုးအားဖြင့် ဘတ် ၃၀ ဘီလီယံဖြစ်ကြောင်း၊ ကျဆင်းရခြင်းမှာ ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့ပြီး အဓိကဈေးကွက်များဖြစ်သည့် ဂျပန်၊ တရုတ်နှင့်အမေရိကန်တို့ကိုလည်း ထိခိုက်ခဲ့သောကြောင့်ဖြစ်ကြောင်း Mr. Ekapoj က သုံးသပ်ထားပါသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/STP(Ygn)_08122025_13:25

## STOCK EXCHANGE (9.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Dec. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 667 | 5,736,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,650 | -100 | -2.67% | 3,700 | 3,700 | 3,650 | 46 | 169,650 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,000 | 8,500 | 7,900 | 4,022 | 32,682,100 | 10,400,986 | 84,248 |
| FPB | 00004 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 828 | 1,945,400 | 29,664,613 | 69,712 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 306 | 505,200 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 34 | 124,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,726 | 5,350,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Dec. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.76 | -2.38 | -0.58% | 405.45 | 407.44 | 404.13 | 7,629 | 46,513,250 | 8 | 765,336 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 8,629 (Shares) | 49,163,250 (MMK) |

## Main Board

As of 1:00 pm, 5th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

| MYANPIX | 405.76 ▼ 2.38 |
|---|---|
| Total Volume (shares) | 7,629 |
| Total Value (MMK) | 47 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,336 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,650 | ▼ 100 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 2,350 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR